ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**၂၀၂၂ – ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)**

**ကျုံဘိုင်းကျေးရွာအုပ်စု၊ ကော့ဒိုင်ကျေးရွာ၊ ကော့ကရိတ်မြို့နယ်**

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျုံဘိုင်းကျေးရွာအုပ်စု၊ ကော့ဒိုင်ကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ |
| | ၄.၁။ကျေးရွာသမိုင်းကြောင်း။ |
| | ၄.၂။ကျေးရွာရှိအိမ်ခြေအိမ်ထောင်စုနှင့်လူဦးရေ။ |
| | ၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ |
| | ၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက် |
| | ၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ |
| | ၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။ |
| | ၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။ |
| | ၄.၈။အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ |
| | ၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) |
| | ၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar) |
| | ၆.၃။ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking) |
| | ၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram) |
| | ၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) |
| | ၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |

၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1)

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

## ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ကျုံဘိုင်းကျေးရွာအုပ်စု)




၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | သုံးအိမ်စု | ၄၃ | ၁၄၅ | ၁၆၁ | ၃၀၆ |
| ၂ | ကော့ဝါးဘို | ၅၆ | ၂၀၈ | ၂၄၉ | ၄၅၇ |
| ၃ | ကော့သာဆူး | ၇၆ | ၂၉၉ | ၂၈၉ | ၅၈၈ |
| ၄ | ညောင်ကုန်း | ၂၇ | ၈၆ | ၈၆ | ၁၇၂ |
| ၅ | နောင်လီ | ၁၀၂ | ၃၅၆ | ၃၉၇ | ၇၅၃ |
| ၆ | နိုင်းခလောင် | ၁၄၅ | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| ၇ | ကော့ဒိုင် | ၈၈ | ၃၁၅ | ၃၂၉ | ၆၄၄ |
| ၈ | ကော့ဒေးချိန် | ၁၆၁ | ၅၅၀ | ၅၅၆ | ၁၁၀၆ |
| ၉ | ကြာအင်းစု | ၁၂၃ | ၄၉၂ | ၄၈၇ | ၉၇၉ |

၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

၄.၁။ ကျေးရွာသမိုင်းကြောင်း။

ကော့ဒိုင်ကျေးရွာဖြစ်ပေါ်လာပုံမှာ လွန်ခဲ့သော (၁၂၉၇)ခုနှစ် ကရင်ပြည်နယ်၊ကော့ကရိတ် မြောက်ပိုင်း၊ ကျုံဘိုင်းအုပ်စုတွင် ဦးမောင်လူ၊ ဦးမောင်ရွှေ၊ ဦးနဲ့အွာ၊ ဦးဖိုးသာရင်၊ ဦးနဲ့ထွန်း၊ ဦးနဲ့ကျင့်၊ ဦးကော်လီစသည့် လူများနေထိုင်ကာ အိမ်ခြေရှစ်လုံးစတင်၍ တည်ဆောက်ခဲ့ပါသည်။

အိမ်ခြေရှစ်လုံးသာရှိ၍ တောမှာ သစ်ပင်များ အလွန်ပင်ထူထပ်လျက်ရှိပါသည်။ ထို့နောက် ၁၃၁၇ခုနှစ်အချိန်တွင် အိမ်ခြေ (၁၀) လုံး ဖြစ်လာခဲ့ပါသည်။ သို့သော်လည်း တောထဲတွင် သစ်ပင်များ ထူထပ်နေဆဲပါ။ ၁၃၂၂တွင် အိမ်ခြေ (၂၀) ရှိခဲ့ပြီး တောထဲတွင် သစ်ပင်များက လည်း အရင်လိုထူထပ်နေဆဲပါ။

၁၃၃၀ပြည့်နှစ်တွင်အိမ်ခြေ (၄၀) လုံးရှိခဲ့ပြီး ယခုအချိန်မှာ ကော့ဒိုင်ကျေးရွာတွင် စပါးစိုက်သည့်အလုပ်ကိုလည်း စတင်လုပ်ကိုင်လာကြပါသည်။

၁၉၉၈ခုနှစ်တွင် အိမ်ခြေ (၅၀) ပြည့်လာခဲ့ပြီး လူအင်အားလည်း တောင့်တင်းလာသော ကော့ဒိုင်ကျေးရွာလေးတွင် ဘုရားကျောင်းဂေါပကဖြစ်သည့် ဦးစိန်တင် ဦးဆောင်ကာ ရွာအဝင်၌ တစ်ပါးကျောင်းကလေး တည်ဆောက်ကာ အခြားရွာမှ ဘဒ္ဒန္တစန္ဒိမာအား ပင့်၍ ကျောင်းထိုင်အဖြစ်မဟုတ်သော်လည်း ဦးဆောင်သူအဖြစ် တင်ခဲ့သည်။

၁၉၉၉အရောက်တွင် ဘုရားကျောင်းဂေါပကကြီး ဦးစိန်တင် ဦးဆောင်ကာ ကော့ဒိုင် ကျေးရွာတွင် စာသင်ကျောင်းတစ်လုံး ထပ်ဆောက်ဖြစ်ခဲ့သည်။ ကျေးရွာ၏ မျှော်လင့်ချက် ကျေးရွာလမ်းကတော့ဖြစ်မလာခဲ့သေးပါ။

၂၀၀၁တွင်လည်းကျေးရွာလမ်းဖြစ်မလာသေးပါ။ သို့သော်ဘုန်းကြီးကျောင်းမှာတော့ စေတီ၊ ဘုရား၊ သိမ်၊ ဓမ္မာရုံ၊ အုတ်တံတိုင်းမုခ်ဦး စသည်များကို ဦးစိန်တင်ကဘဲ ဦးစီးဦးဆောင် ပြုလုပ်၍ အလှူဒါယကာ၊ အလှူဒါယကာမများ ပါဝင်လှူဒါန်းရာမှ အစစအရာရာ ပြီးမြောက် ခဲ့ကြသည်။ ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ်ပါသည်။ ၂၀၀၃ခုနှစ်တွင်လည်း ဦးစိန်တင်မှ ဦးဆောင်ကာ ကျေးရွာမျှော်လင့်ချက်ဖြစ်သည့် ကျေးရွာလမ်းကလေးကို ပြုလုပ်ခဲ့ ကြပါသည်။

၂၀၁၇ခုနှစ်တွင် ဦးစိန်တင်ကွယ်လွန်အနိစ္စရောက်သွားပြီး ရွာဦးကျောင်းဆရာတော်သစ် ဦးသောဘိဦးဆောင်၍ရွာလမ်းနှင့်သင်္ချိုင်းလမ်းကို ထပ်မံပြုလုပ်တိုးချဲ့ခဲ့သည်။ သင်္ချိုင်းနံဘေး တွင် အမြဲတမ်းစီးဆင်းနေသော ချောင်းကြီးတစ်ခုရှိသည်။

၂၀၁၈အရောက်တွင် ကော့ဒိုင်ကျေးရွာသည် အတော်ပင်တိုးတက်လာပြီး သာယာသော ရွာလေးတစ်ရွာ ဖြစ်လာခဲ့ပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊အိမ်ထောင်းစုနှင့်လူဦးရေ။

ကော့ဒိုင်ကျေးရွာတွင် အိမ်ထောင်စု (၉၄)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၃၁၈)ဦး၊ အမျိုးသမီး (၃၃၁)ဦး၊ စုစုပေါင်း (၆၄၉)ဦး ရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကော့ဒိုင်ကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးများမှာ ကရင်၊ မွန်၊ ဗမာလူမျိုး

တို့ ဖြစ်ပါသည်။ ကရင်လူမျိုးအိမ်ထောင်စု (၈၈) စုတွင် အမျိုးသား (၃၁၅)ဦးနှင့် အမျိုးသမီး (၃၂၉)ဦး စုစုပေါင်း (၆၄၄)ဦး ရှိပါသည်။ ဗမာနှင့် မွန်လူမျိုး အိမ်ထောင်စု (၆) စုတွင် ဗမာအမျိုးသား (၃)ဦးနှင့် မွန်အမျိုးသမီး (၂)ဦး စုစုပေါင်း (၅)ဦး ရှိပါသည်။

၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကော့ဒိုင်ကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) (၂၆)ဦး၊ မသန်စွမ်း (၂)ဦးတို့ ရှိပါသည်။

၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

ကော့ဒိုင်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ မူကြိုကျောင်း (၁) ကျောင်း၊ ကျန်းမာရေးဌာနခွဲ၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်းနှင့် စေတီတို့ ရှိပါသည်။

၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

၄.၇။ ပိုင်ဆိုင်မှုမြေရေယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ဌာနများနှင့်လည်းချိတ်ဆက်မှုရှိပါသည်။အထွေထွေ အုပ်ချုပ်ရေး၊ ပြည့်သူစစ်၊ မီးသတ်၊ ရဲစခန်း၊ KBC၊ KNU၊ DRD တို့နှင့် ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၃၅ | ၂၃ | ၅၈ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူ များခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၃၅ | ၂၃ | ၅၈ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်း |


| | | | | | |
|---|---|---|---|---|---|
| | | | | | ပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | ၃၅ | ၂၃ | ၅၈ | အဆင်မပြေသော အိမ်ထောင်စု (၅၁)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | ၃၅ | ၂၃ | ၅၈ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများဝင်ငွေရအလုပ်အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၅ | ၂၃ | ၅၈ | အပ်ချုပ်စက် အမျိုးသမီးများသုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊ လယ်၊ နွားတို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၃၅ | ၂၃ | ၅၈ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ကျေးရွာပြင်ပတွင် အမျိုးသမီးတောင်သူအဖွဲ့၊ ရဲစခန်း၊ ထွေအုပ်ရုံး၊ DRD, KNU, Phase-Mတို့လွှမ်းမိုးမှုများသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ

## ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.ဥ။ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)

## "ဥစ္စာနေကြွယ်ဝမှုပြဇယား"

ကျေးရွာအုပ်စု- ကျုံဘိုင်း    မြို့နယ်- ကော့ကရိတ်


ကျေးရွာ - ကော့ဒွင်    ရက်စွဲ- ၅.၆.2020

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ အုပ်စု | လယ်ယာ (၁၀ဧက-၄၀ဧက)၊ ထွန်စက်၊ ကုန်ကျောင်း ကုန်ဝယ်၊ ကား၊ ဆိုင်ကယ်၊ တိုက်အိမ်၊ ဖုန်း TV၊ [illegible]၊ တနိုင်တပိုင်ချေးငွေလုပ်ငန်း | 5 | 5.31% |
| ပြေလည်သောအုပ်စု | လယ်ယာ (၁ဧက-၃ဧက) ထွန်စက်အသုံးပြု [illegible] ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ပျဉ်ထောင်အိမ် ဖုန်း၊ TV [illegible]။ | 31 | 32.97% |
| မပြေလည်သောအုပ်စု | အခြားလယ်ယာမြေ၊ ဆိုင်ကယ်၊ ဖုန်း TV ပျဉ်အိမ်အသေး၊ နေ့စား လုပ်သား | 23 | 24.46% |
| အလွန်မပြေလည်သော အုပ်စု | ဝါးတဲအိမ်၊ ကျပန်း အလုပ်သမား [illegible]၊ နေ့စား အလုပ်သမား | 35 | 37.23% |
| | | | |


ပါဝင်ဆွေးနွေးသူ - ကျား ( 35 )၊ မ ( 23 ) = 58

ဦးဆောင်ဆွေးနွေးသူ -

### ၆.၄။ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)




## ၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



"အရင်းအမြစ်ထိန်းချုပ်မှုပြဇယား"

ကျေးရွာအုပ်စု - ကျုံဘိုင်း　　မြို့နယ် - ကော့ကရိတ်


ကျေးရွာ - ကော့ဒိုင်　　ရက်စွဲ - 4.6.2020

| စဉ် | အမျိုးအစား | ကျား | မ | ကျား+မ |
|---|---|---|---|---|
| ၁။ | မြစ်ချောင်း | ✓ | | |
| ၂။ | ဆိုင်ကယ် / ကား | ✓ | | |
| ၃။ | ဂက်ကွန်းကွန်ရက် | ✓ | | |
| ၄။ | ဂေဟဗေဒ | ✓ | | |
| ၅။ | ဘုန်းကြီးကျောင်း | ✓ | | |
| ၆။ | စာသင်ကျောင်း | ✓ | | |
| ၇။ | အိမ်မွေးတိရစ္ဆာန်များ | | | |
| ၈။ | ကော်ဖီခြံ | | | ✓ |
| ၉။ | ရေတွင်း | | | ✓ |
| | | | | ✓ |
| | | | | |
| | | | | |
| | | | | |

ပါဝင်ဆွေးနွေးသူများ - ကျား ( 35 )၊ မ ( 23 ) = 58

ဦးဆောင်ဆွေးနွေးသူ -

၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)




၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -အသက်မွေးဝမ်းကြောင်းအတွက် လယ်ယာလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး၊ ဥယာဉ် |

| | | |
|---|---|---|
| | | ခြံလုပ်ငန်းကိုမှီခိုင်ပြီးအသက်မွေးဝမ်းကျောင်း ပြုကြသည်။<br>-ကျေးရွာတွင် လယ်ယာနှင့် ဥယာဉ်ခြံတို့မှ အဓိကကျေးရွာအရင်းအမြစ်ဖြစ်သည်။<br>-လွန်ခဲ့သော (၅)နှစ်တာကာလတွင် သား၊ ငါး၊ အိမ်မွေးတိရစ္ဆာန်များ၊ သစ်တောများ လျော့နည်းလာသည်။<br>-တစ်ရွာလုံးက ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ကျေးရွာတွင် သီးခြားနေထိုင်မှုမရှိပါ။<br>-ကျေးရွာအသက်မွေးဝမ်းကြောင်းနှင့် အလုပ်အကိုင်နည်းပါးသောကြောင့် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်သူများပြားသည်။<br>တိုးတက်ရန်လိုအပ်သော အချက်များ<br>-မူလတန်းကျောင်းတို့ချဲ့ပြုပြင်ရန်။<br>-မူကြိုကျောင်းတိုးချဲ့ပြုပြင်ရန်။<br>-လျှစ်စစ်မီးရရှိရန်။<br>-ကျောင်းခြံစည်းရိုး ရရှိရန်။<br>-လမ်းပန်းဆက်သွယ်ရေး။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | -လယ်ယာနှင့်ဥယာဉ်ခြံလုပ်ငန်းကို အဓိက ထား လုပ်ကိုင်ကြသည်။<br>-လယ်ယာလုပ်ငန်းကို (၆၄) အိမ်ထောင်စု၊ ဥယျာဉ်ခြံကို (၁၇) အိမ်ထောင်စု လုပ်ကိုင်ကြ သည်။<br>-ဝင်ငွေအနေဖြင့် လယ်ယာလုပ်ကိုင်သူများ အတွက် လယ်ပိုင်ရှင်များရှိပြီး လယ်ယာနေ့ စား လုပ်သမားအတွက် တစ်နေ့ကို (၅၀၀၀/၆၀၀၀) ကျပ်ဖြင့် အမျိုးသား/အမျိုးသ မီး တန်းတူရရှိသည်။<br>-လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများမှ အပ တစ်ခြားလုပ်ငန်းများမရှိပေ။ အလုပ်ကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် ပြည်ပနိုင် ငံသို့ သွားရောက်လုပ်ကိုင်ကြသည်။<br>-ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေကြီး ရေ လျှံပြီး လယ်ယာများရေမြုပ်ခြင်းကြောင့် စီးပွားရေး အဆင်မပြေပါ။<br>-ဝင်ငွေမလုံလောက်သည့်အတွက် ရေကြီးချိန် တါင် |

| | | |
|---|---|---|
| | | ငါးများ၊ ငါးဖမ်းအလုပ်ကို လုပ်ကိုင်ကြ သည်။<br>-အမျိုးသမီးများ ဝင်ငွေနည်းပါခြင်းကြောင့် အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်နေရပါသည်။<br>-အားလပ်ချိန်တွင်ဝင်ငွေရရှိသောလုပ်ငန်းများ ဖန်တီးခြင်း။<br>-အမျိုးသားများ တာဝန်ယူမှုနှင့် ကျား/မရေး ရာ သိမြင်လက်ခံအောင် ပြောပြဆွေးနွေးပြီး ကျား/မတန်းတူညီမျှအကြောင်း ဆွေးနွေးခဲ့ပါ သည်။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | -ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ် ထောင်စု (၃၅)စု ရှိပါသည်။<br>-ဆင်းရဲနွမ်းပါး၍ အလွန်အဆင်မပြေသော အိမ်ထောင်စု ဖြစ်ရခြင်းအကြောင်းမှာ ကျပန်း အလုပ်သမားများ၊ နေ့စားအလုပ်သမားဖြစ် ကြသည်။ အိမ်မိသားစုဝင်ငွေကို ပုံမှန်မရရှိ ခြင်း၊ ကလေးငယ်များအား ပညာရေးအတွက် ကျောင်းမထားနိုင်ခြင်း။<br>-အစီအစဉ်များရေးဆွဲရာတွင် ဆင်းရဲနွမ်းပါး ပြီး အလွန်အဆင်မပြေသာအိမ်ထောင်စုများ ပါဝင်မှုရှိစေရန် အားလပ်ချိန်ကို အစီအစဉ်ရေး ဆွဲပြီး သူတို့၏လိုအပ်ချက် အကြံပြုချက်နှင့် ပူးပေါင်းပါဝင်မှုရှိစေရန် အလေးထားဆောင် ရွက်ရမည်။<br>-လုပ်ငန်းဆောင်ရွက်ချိန်တွင် လုပ်သားနေဖြင့် ပါဝင်ခြင်းမှာလုပ်အားခရရှိပြီး မိသားစုဝင်ငွေ ကို ရှာဖွေနိုင်မည်။ ရေရရှိသည့်လုပ်ငန်း၊ လမ်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအား ဖြင့် ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် လိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင် မည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -အမျိုးသမီးများသည် ဝင်ငွေရရှိမှုတွင် အမျိုး သားထက် အားနည်းနေသည်။ ဥပမာ-အမျိုး သမီးများသည် ဝင်ငွေရသော အလုပ်တွင် နည်းပြီး အိမ်မှုကိစ္စများနဲ့သာ အချိန်ကုန်နေရ ခြင်း၊ အမျိုးသမီးများသည် အမျိုးသားများ ထက် အားနည်းပြီး အပင်ပန်းမခံနိုင်ခြင်း၊ အ လုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင် အမျိုးသား |

| | | |
|---|---|---|
| | | များလောက်ဉီးစားပေးမခံရခြင်းတို့ကြောင့် ဝင်ငွေရရှိမှုတွင် အားနည်းနေသည်။<br>-ပညာရေးတွင် အမျိုးသမီး/သား တက်ရောက်နိုင်မှုသည် တန်းတူညီမျှမှုရှိသည်။<br>-ကျေးရွာတွင် အမျိုးသမီးသီးသန့်အသိပညာပေးဆွေးနွေးပွဲများ လုပ်ပိုင်ခွင့်နှင့်လုပ်အားခ များ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်မည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -လက်ကိုင်ထွန်စက်ကို အမျိုးသားများကသာ အသုံးပြုကြသည်။ ထိန်းချုပ်မှုတွင်လည်း အမျိုးသားများကသာ ထိန်းချုပ်မှုကို ပြုလုပ် ကြသည်။<br>-ချောင်းရေး၊ ဆိုင်ကယ်၊ ကား၊ လယ်ယာ၊ ဘုန်းကြီးကျောင်း၊စာသင်ကျောင်းတို့ကို အမျိုးသား/သမီး တန်းတူအသုံးပြုကြပြီး ထိန်းချုပ်မှုအပိုင်းတွင်အမျိုးသားများကသာ ထိန်းချုပ်ကြ သည်။<br>-အိမ်မွေးတိရစ္ဆာန်၊ ရေဘ်ဘာခြံ၊ ရေတွင်းတို့ကို အမျိုးသား/သမီး တန်းတူအသုံးပြု ထိန်းချုပ် ကြသည်။<br>-အမျိုးသမီးများအား ဆုံဖြတ်ချက်ချခြင်း၊ အကောင်းအထည်ဖော်ဆောင်ရွက်ခြင်းတို့ တွင် အမျိုးသားများနှင့် အမျိုးသမီး တန်းတူဆွေးနွေးဆုံးဖြတ်ခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အလမ်းရပိုင်ခွင့်ကို မြှင့်တင်ပေးရာရောက်ပါသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -လူငယ်အဖွဲ့၊ အိုးသူကြီး၊ ဂေါပက၊ ရပ်မိရပ်ဖ၊ ဝေယျာဝစ္စအဖွဲ့များမှာ ရွာ၏ သာရေး နာရေး နှင့် ဘာသာရေးတို့တွင် အဓိကပါဝင်သည်။<br>-အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေး၊ ဝေယျာဝစ္စအဖွဲ့များသည် အမျိုး သမီးအဖွဲ့များ ဖြစ်ကြသည်။<br>-ကျောင်းကော်မတီ၊ ကျန်းမာရေး၊ KBC၊ CDD၊ အဖွဲ့အစည်းများမှာ အမျိုးသား အမျိုးသမီး ပူးပေါင်းပါဝင်ကာ ပညာရေး၊ ကျန်းမာရေး၊ ဝင်ငွေရရှိရေးတို့ကို အဓိကဆောင်ရွက်သည်။ |

| | | |
|---|---|---|
| | | -ရာအိမ်မှူးများသည် ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုး ရေးအတွက် အဓိကဦးဆောင်သည်။<br>-အုပ်စုအုပ်ချုပ်ရေးမှူးများသည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ KNU၊ မီးသတ်တပ်ဖွဲ့၊ ပညာရေးမှူးရုံး၊ DRD ဦးစီးဌာနများကို ဆက်သွယ်ဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းခေတ်ပုံ။





## ကျေးရွာကော်မတီဝင်စာရင်းများ

၉။

| စဉ် | အမည် | ကျား‌မ/ | အသက် | မှတ်ပုံတင်နံပါတ် | ရာထူး |
|---|---|---|---|---|---|
| ၁ | ဦးချစ်မွေး | ကျား | ၆၀ | - | နယက |
| ၂ | ဦးသက်ဝေ | ကျား | ၆၅ | ၃ကကရ/(နိုင်)၀၈၆၂၀၇ | ဥက္ကဋ္ဌ |
| ၃ | ဒေါ်အေးသင် | မ | ၆၃ | ၃/ကကရ(နိုင်၁၃၇၇၂၄( | ဝယ်ယူရေးဥက္ကဋ္ဌ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဦးအောင်မြိုင် | ကျား | ၅၄ | – | အတွင်းရေးမှူး |
| ၅ | မန်းသန်းတင်ဦး | ကျား | ၃၈ | ၃/ ဘအန (နိုင်)၂၁၅၇၉၄ | စာရင်းကိုင် |
| ၆ | နန်းသဇင်ဖူး | မ | ၁၉ | ၃/ ကကရ (နိုင်)၂၄၅၉၇၄ | ဘဏ္ဍာရေးမှူး |
| ၇ | နန်းငွေးငွေးမြင့် | မ | ၃၈ | – | အဖွဲ့ဝင် |
| ၈ | ဦးအဝင်း | မ | ၆၀ | – | အဖွဲ့ဝင် |

**၁၀။**

## ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၁ (PC – 1)

| | | | |
|---|---|---|---|
| **ကျေးရွာခေါင်းဆောင်အမည်**<br>**ဦးအောင်မြိုင်** | **ကျေးရွာခေါင်းဆောင်**<br>**ဖုန်းနံပါတ် ၀၉၇၆၄၉၁၀၄၇၁** | **လူထုစည်းရုံးရေးမှူးအမည်**<br>**မန်းမျိုးမင်းသန်း** | |
| **ပြည်နယ် –**<br>**ကရင်** | **မြို့နယ် –**<br>**ကော့ကရိတ်** | **ကျေးရွာအုပ်စု –**<br>**ကျုံဘိုင်း** | **ကျေးရွာ – ကော့ဒိုင်** |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၈၈ | ဗုဒ္ဓ | ၉၄ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား – ကရင်+ဗမာ+မွန် | ၆ | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၂ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၂၆ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၃၁၆ | ၃၂၉ | ၆၄၄ |
| လူမျိုးစု (၂) ဗမာ | ၃ | | ၃ |
| လူမျိုးစု (၃) မွန် | | ၂ | ၂ |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………… | | | |
| အိမ်ထောင်ဦးစီး | ၆၈ | ၂၆ | ၉၄ |

ခ။ အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေး အဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | ✓ | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | ✓ | | သားဖွားဆရာမ | ✓ | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ဆိုင်ကယ်လမ်း၊

ကျောက်ခင်းလမ်း၊ မြေသားလမ်း၊ လူသွားလမ်း၊ အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေးစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? (၂၀၁၆)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁.ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ ( ၀.၅ )မိုင်/မသိပါ

၂.ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁၀ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား…………….

မိုးရာသီကြာချိန် ၁၀ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့သဘာဝဘေးအန္တရာယ်ကျရောက်ဖူးပါသလား?

.......မရှိပါ/ (✓) ရှိပါသည်/ ရှိလျှင်ဖော်ပြပါ (၂၀၁၃ခုနှစ်တွင် မြစ်ရေ၊ တောင်ကျရေးကြီးခြင်းကို ဝါခေါင်လတွင်ဖြစ်ပွားပါသည်။)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မှီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသောအဖွဲ့များ ရှိပါသလား?

(၁) ---------------------------------- (၂) -------------------------------

(၃) ---------------------------------- (၄) -------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

.........မရှိပါ။(✓)ရှိပါသည်။

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

<table>
<tr><td colspan="4">စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – မန်းမျိုးမင်းသန်း</td></tr>
<tr><td colspan="2">နေ့စွဲ – ၄.၆.၂၀၂၀</td><td colspan="2">စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂ (..)<br>စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..)</td></tr>
<tr><td>ပြည်နယ် – ကရင်</td><td>မြို့နယ် –<br>ကော့ကရိတ်</td><td>ကျေးရွာအုပ်စု –<br>ကျုံဘိုင်း</td><td>ကျေးရွာ – ကော့ဒိုင်</td></tr>
</table>

(က) အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင်ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီးမည်မျှရှိပါသနည်း။

<table>
<tr><td colspan="4">အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ</td></tr>
<tr><td>ကျေးရွာစာသင်ကျောင်းတွင် ခြံစည်းရိုးမရှိသည့်အတွက် တိရ စ္ဆာန်မများဝင်ရောက်သောကြောင့် ကျောင်းပတ်ဝန်းကျင်ကို ပျက်စီးစေခြင်း၊ မူကြိုကျောင်းမှ ကျောင်းမျက်နှာကျက်မရှိ သည့်အတွက် နွေရာသီတွင် ကလေးငယ်များ အပူဒဏ်ခံစား ရပြီး ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း။</td><td>ကျား...</td><td>မ....</td><td>ကျား+မ ✓</td></tr>
<tr><td>ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီ တွင် ဗွက်ထခြင်း၊ ပျက်စီးခြင်းများဖြစ်ပေါ်သောကြောင့် ကျောင်းသား/သူနှင့်ကျေးရွာလူထုများ သွားလာရခက်ခဲခြင်း။</td><td>ကျား...</td><td>မ....</td><td>ကျား+မ ✓</td></tr>
</table>

| | | | |
|---|---|---|---|
| မူကြိုကျောင်းအားကစားကွင်းမှာ မကောင်းတော့သည့်အတွက် ကလေးသူငယ်များဆော့ကစားရာတွင် အသက်အန္တရာယ် စိုးရိမ်ရခြင်း။ | ကျား… | မ ✓ | ကျား+မ … |
| ကျေးရွာအတွင်း လျှပ်စစ်မီးမရရှိသည့်အတွက် ကျောင်းသား/သူများ စာပေကျက်မှတ်ရာနှင့် ကျေးရွာလူထုများ ညရေ ညတာသွားလာရာတွင် အခက်အခဲရှိခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| ကျေးရွာအတွင်း ချောင်းကူးတံတားမရှိသည့်အတွက် ကျေးရွာလူထုများ သွားရေးလာရေးတို့တွင် အခက်အခဲရှိခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရေများလိုလျောင်ဖို့အတွက် ရေတံခါးမှာ မကောင်းသောကြောင့် တောင်သူများအနေနှင့် အခက်ကြုံနေရခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| စာသင်ကျောင်းတွင် ရေစင်မရှိသည့်အတွက် ကျောင်းသား/သူများ သောက်ရေသုံးရေအတွက် အခက်အခဲရှိခြင်း။ | ကျား ✓ | မ…. | ကျား+မ … |
| ကျေးရွာလူနာတင်ယာဉ်မရှိသည့်အတွက် ဆေးရုံ၊ ဆေးခန်းသို့ အချိန်မှီမရောက်ရှိခြင်း။ ကျောင်းသား/သူများအနေနှင့် ကျေးရွာအုပ်စုသို့ ပညာသင်ကြားရာတွင် ကျောင်းကြိုပို့ယာဉ်မရှိသည့်အတွက် အခက်အခဲရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့တွင် နည်းပညာသင်တန်းအားနည်းခြင်းကြောင့် တောင်သူများအနေနှင့် လုပ်ကိုင်ရာတွင် အခက်အခဲရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ကျောင်းခြံစည်းရိုးများရှိလာခဲ့လျှင် တိရစ္ဆာန်များမဝင်ရောက်နိုင်တော့ဘဲ ကျောင်းပတ်ဝန်းကျင်များလည်း စိမ်းလန်းစိုပြေလာမည်။ မူကြိုကျောင်းမျက်နှာကျက်ရှိလာခဲ့လျှင် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အပူဒဏ်ခံစားရခြင်းမှ ကင်းဝေးလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာတွင်းမြေသားလမ်းမှာ ကွန်ကရစ်လမ်းဖြစ်လာပါက ကျေးရွာလူထုများ သွားရေးလာရေးတို့တွင် အဆင်ပြေလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| မူကြိုကျောင်းအားကစားကွင်း ပြုပြင်ပြီးစီးပါက ကလေးသူငယ်များ ကောင်းကောင်းမွန်မွန် ဆော့ကစားလာနိုင်မည်။ | ကျား… | မ ✓ | ကျား+မ … |
| ကျေးရွာလျှပ်စစ်မီးရရှိပါက ကလေးသူငယ်စာပေကျက်မှတ်ရာနှင့် ကျေးရွာလူထုများ ညရေး ညတာသွားလာရာတွင် | ကျား ✓ | မ…. | ကျား+မ … |

| | | | |
|---|---|---|---|
| အဆင်ပြေလာမည်။ | | | |
| ကျေးရွာချောင်းကူးတံတားများ တည်ဆောက်ပြီးစီးပါက ကျေးရွာလူထု ခရီးသွားလာရာတွင် လွယ်ကူချောမွေ့စွာ သွား လာနိုင်မည်။ | ကျား ✓ | မ.... | ကျား+မ ... |
| ရေတံခါးများလာရောက်ပြုပြင်ပေးပါကရေများလုံလုံလောက်လောက် ရရှိလာနိုင်ပြီး တောင်သူများ လယ်ယာလုပ်ငန်းကို ကောင်းမွန်စွာ လုပ်ကိုင်လာနိုင်မည်။ | ကျား ✓ | မ.... | ကျား+မ ... |
| စာသင်ကျောင်းတွင် ရေစင်များလာရောက်ပြုလုပ်ပေးပါက ရေများသိုလှောင်နိုင်ပြီး ကျောင်းသား/သူများ ရေကို လုံလုံလောက်လောက် အသုံးပြုလာနိုင်မည်။ | ကျား ✓ | မ.... | ကျား+မ ... |
| လူနာတင်ယာဉ်ရှိလာသည့်အတွက် ဆေးရုံ၊ ဆေးခန်းသို့ အချိန်မီသွားလာနိုင်မည်။ ကျောင်းသား/သူများအတွက် ကျောင်းကြိုပို့ကားများ ရှိလာပါက ကျေးရွာအုပ်စုသို့ အချိန်မီ ပညာသင်ကြားလာနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |
| စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းတွင် နည်းပညာသင်တန်းရရှိလာပါက တောင်သူလယ်သမားများအတွက် ပို၍ အဆင်ပြေလာမည်။ | ကျား... | မ.... | ကျား+မ ✓ |

(ဂ) လူထုစီမံကိန်း၏နောင်လာမည့်( ၄ ) နှစ်တာအတွက် အကျုံးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်း အရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ကျား + မ | လမ်းပန်းဆက်သွယ်ရေး | ၂၂၅၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၂ | မူလတန်းကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ကျား + မ | ပညာရေး | ၅၀၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၃ | မူကြိုကျောင်းမျက်နှာကျက်ပြုပြင်ခြင်း | မ | ပညာရေး | ၁၀၀၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၄ | မူကြိုကျောင်းအားကစားကွင်းပြုပြင်ခြင်း | မ | ပညာရေး | ၁၀၀၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | လျှပ်စစ်မီး (ဆိုလာ) | ကျား + မ | မီးလင်းရေး | ၆၅၀၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၆ | ချောင်းကူးလမ်း တံတားတည် ဆောက်ခြင်း | ကျား | လမ်းပန်းဆက် သွယ်ရေး | ၂၀၀၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၇ | ရေတံခါး ပြန် လည်ပြုပြင်ခြင်း | ကျား | ရေနှင့် သန့်ရှင်းရေး | ၆၅၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |
| ၈ | ရေစင်ရရှိရေး (မူလတန်း) | ကျား | ။ | ၆၅၀၀၀၀၀ | ၃၁၈ | ၃၃၁ | ၆၄၉ |

(ဃ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ ) နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အရေးပေါ်လူနာတင်ယာဉ် ရရှိရေး | ကျား+မ | ကျန်းမာရေး |
| ၂ | ကျောင်းကြိုပို့ကား ရရှိရေး | ကျား+မ | ပညာရေး |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်း | ကျား+မ | စိုက်ပျိုးရေး၊ မွေးမြူရေး |
| | | | |
| | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ကျေးရွာအုပ်စု = ကျုံဘိုင်းအုပ်စု

| | | |
|---|---|---|
| ကျေးရွာ | = | ကော့ဒိုင်ကျေးရွာ |
| တက်ရောက်သူဦးရေ | = | ကျား(၂၅)+မ(၂၁)=(၄၆)ဦး |
| နေ့စွဲ | = | ၆.၇.၂၀၂၂ |
| နေရာ | = | ဘုန်းကြီးကျောင်း |
| အစည်းအဝေးခေါင်းစဉ် | = | (ပထမ/ဒုတိယ)အကြိမ်အစည်းအဝေး |
| ဆွေးနွေးသည့်အကြောင်းအရာ။ ပြန်လည်ဆွေးနွေး | | စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ |

ပြောပြခြင်း

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီ စီမံကိန်းဝန်ထမ်းမှ စီမံကိန်းအကြောင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုအားအုပ်စု (၂)စုခွဲပြီး ကျေးရွာမြေပုံ၊ ပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်၊ ယင်းပုံစံများကို အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ မျှော်မှန်းချက်နှင့် ဦးစားပေး အချက်အခဲများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ကျေးရွာလူထု၏ အခက်အခဲများကို ဖော်ထုတ်ပြီး ပြဿနာသစ်ပင်ရေးဆွဲခြင်း၊ ဝေဖန်အကြံပြုတိုင်ကြာရေးစနစ် အကြောင်း၊ ကျား/မ ကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီများ ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းနှင့် ရည်ရွယ်ချက် များကို ကျေးရွာလူထု များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းပြီးနောက် ကျေးရွာလူထုအား အဖွဲ့(၂)ဖွဲ့ခွဲပြီး PRA Tools ပုံစံများကို အားလုံးပူးပေါင်း ပါဝင်၍ ပူးတွဲပါ မှတ်တမ်းများ နှင့်တကွ သဘောတူရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ပြုလုပ်သည့်အရာများ ၁။ ကျေးရွာမြေပုံရေးဆွဲခြင်း

၂။ ရာသီခွင်ပြဇယား

၃။ အဖွဲ့အစည်းချိတ်ဆက်မှု

၄။ ဥစ္စာခနေကြွယ်ဝမှုပြဇယား

၅။ ကျား/မပိုင်ဆိုင်မှုပြဇယား

၆။ ပင့်ကူအိမ်ပြဇယား စသည်တို့ကို ရေးဆွဲခဲ့ပါသည်။

ထို့နောက် ကျေးရွာ၏အခက်အခဲကို ပုံစံ(၃)တွင် ဖြည့်သွင်းခဲ့ပါသည်။အခက်အခဲတစ်ခုကို အခြေခံပြီး ပြဿနာသစ်ပင်ကိုရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် ပြဿနာသစ်ပင်မခက်အခဲများ၏ အကျိုးဆက် နှင့် ရလဒ်များကို ကျေးရွာလူထုများ ပါဝင်ဆွေးနွေးခဲ့ပါသည်။ပြဿနာသစ်ပင်ရေးဆွဲပြီးနောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်း ခဲ့ပါသည်။

မှတ်တမ်းတင်သူ

စောဝေယံ၊ ကြီး/ရေး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | စီမံချက်အမည် | အတိုင်းအတာ/ ကြိမ်ရေ/ဦးရေ | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကျုံဘိုင်း | ကော့ဒိုင် | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၅၀၀'x၁၀'x၆" | ၁၁.၀၇ | ၂၀၂၂-၂၀၂၃ VDP |
| | | | မူလတန်း ကျောင်းခြံစည်း ရိုး ပြုပြင်ခြင်း | | | |
| | | | မူကြိုကျောင်းမျက်နှာကျက်ပြု ပြင်ခြင်း | | | |
| | | | လျှပ်စစ်မီး (ဆိုလာ) | | | |
| | | | မူကြိုကျောင်း အားကစားကွင်း ပြုပြင်ခြင်း | | | |
| | | | ချောင်းကူးလမ်း တံတားတည် ဆောက်ခြင်း | | | |